# ဂျပန်အစိုးရ၏ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲလေ့လာရေးအဖွဲ့ခေါင်းဆောင် Mr. SASAKAWA Yohei ၏ သတင်းထုတ်ပြန်ချက်

၂၀၂၀ပြည့်နှစ် အောက်တိုဘာလ ၂၇ရက်

လာမည့် နိုဝင်ဘာလ ၈ရက်နေ့တွင် ကျင်းပတော့မည့် ၂၀၂၀ပြည့်နှစ် မြန်မာနိုင်ငံအထွေထွေရွေးကောက်ပွဲကို လေ့လာရန်အတွက် ဂျပန်အစိုးရ၏ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်သည့် ကျွန်တော် SASAKAWA Yohei သည် ယခင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့စဉ်ကကဲ့သို့ပင် ရွေးကောက်ပွဲလေ့လာရေးအဖွဲ့ကို ဦးဆောင်သူအဖြစ် အောက်တိုဘာလ ၂၉ ရက်နေ့မှ နိုဝင်ဘာလ ၉ ရက်နေ့အထိ မြန်မာနိုင်ငံသို့ အလည်အပတ်ခရီးလာရောက်မည် ဖြစ်ပါသည်။ လတ်တလော အသက်ရှူလမ်းကြောင်းရောဂါ ကူးစက်ပျံ့နှံ့မှုများပြားနေသည့် အချိန်ကာလဖြစ်သောကြောင့် အတူတကွ လာရောက်မည့် အဖွဲ့ဝင်ဦးရေကို လျှော့ချထားသော်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. MARUYAMA Ichiro နှင့် သံရုံးဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူပြီး မဲရုံကြည့်ရှုလေ့လာခြင်းနှင့် ဆန္ဒမဲပေးမှုအခြေအနေ၊ မဲရေတွက်မှုအခြေအနေများကိုလည်း တစ်စိတ်တစ်ပိုင်း ကြည့်ရှုလေ့လာသွားမည် ဖြစ်ပါသည်။ ဒီမိုကရေစီနည်း လမ်းကျသည့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲပေါ်ပေါက်လာမည်ဟု အခိုင်အမာ ယုံကြည်မျှော်လင့်လျက်ရှိပါသည်။

ထို့အပြင် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) က နယ်မြေလုံခြုံရေးစသည့် အခြေအနေများအရ အချို့သောဒေသများတွင် ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိကြောင်း ကြေညာခဲ့သော်လည်း UEC နှင့် မြန်မာနိုင်ငံအစိုးရက မဲဆန္ဒနယ်အားလုံးတွင် ဆန္ဒမဲပေးနိုင်ရန် အထူးကြိုးပမ်းစီစဉ်ဆောင်ရွက်သွားလိမ့်မည်ဟု မျှော်လင့်ပါသည်။

ယခုကျင်းပမည့် ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရေးအတွက် အထောက်အပံ့ကောင်းဖြစ်ပါစေကြောင်း ကျွန်တော်က ဆုတောင်းမေတ္တာပို့သအပ်ပါသည်။